ရေကျော်စုကျေးရွာ
ဟသာင်္တမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
# (၂၀၂၃-၂၀၂၇)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ရေကျော်စုကျေးရွာ၊ဟသာင်္တမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၃ခုနှစ်၊ဇူလိုင်လ

မာတိကာ ၂
စကားချီး ၆-၇
ရေကျော်စုကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဟသ်ာတမြို့နယ် ၈
ရေကျော်စုကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊ ဟသ်ာတမြို့နယ် ၉
ရေကျော်စုကျေးရွာ အဖွဲ့အစည်းပြပုံ၊ ဟသ်ာတမြို့နယ် ၁၀

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၁၁
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက် ၁၁-၁၂
( ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု ၁၂
(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၃
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား ၁၃
( ခ) သဘာဝအရင်းအမြစ်များ ၁၃
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၁၄
(က) လူဦးရေဆိုင်ရာ အချက်အလက်များ ၁၄
( ခ) စီးပွားရေးအခြေအနေ- ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၄
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှုများ ၁၄
(ဃ) ကျန်းမာရေးနှင့် အာဟာရ ၁၅
( င) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၁၅
( စ) ကျားမဆိုင်ရာ ဆက်နွယ်မှု ၁၅
(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၆
(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ် ၁၆
( ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ ၁၆
(ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၆
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု ၁၇
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၁၇
(စ) ပညာရေး၊ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၈
(ဆ) လူငယ်နှင့်ယဉ်ကျေးမှု ၁၈
(ဇ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု- လမ်း၊တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး ၁၈
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၁၈

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၉
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ ၁၉-၂၀
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ၊ ၂၀ -၂၂
(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၂၂
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၃-၂၅
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၅
(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ၂၅
( ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၆
(ဂ) ဦးစားပေးစီမံချက်များ ၂၆
(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ ၂၉
(၉) ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၉
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၁
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ ၃၁
( ခ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ ၃၁
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၃၁-၃၂
(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအမံများ ၃၂
(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၂
(က) ကြီးကြပ်စစ်ဆေးခြင်း ၃၂-၃၃
(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း ၃၄
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၃၄
နောက်ဆက်တွဲ(၁) ကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား ၃၅
နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီဝင်များစာရင်း ၃၈
နောက်ဆက်တွဲ(၃) စီမံကိန်းဇယားများ ၃၉
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ၃၉
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား ၄၀
ဇယား ၃ လုပ်ငန်းနှင့်ကျား/မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား ၄၅

| | | |
|---|---|---|
| ဇယား ၄ | ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု | ၄၆ |
| ဇယား ၅ | ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ | ၄၆-၄၇ |
| ဇယား ၆ | ဥစ္စာဓနအဆင့်အခြေအနေ | ၄၈ |
| ဇယား ၇ | ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ | ၄၈-၄၉ |
| ဇယား ၈ | ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ | ၄၉-၅၀ |
| ဇယား ၉ | ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့် ဘေးအန္တရာယ်လျော့ချရေး အစီအမံများ | ၅၀-၅၁ |
| ဇယား ၁၀ | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ၅၂-၅၃ |
| ဇယား ၁၁ | ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ | ၅၃-၅၄ |
| ဇယား ၁၂ | ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ | ၅၄-၅၅ |
| ဇယား ၁၃ | ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု | ၅၅-၅၆ |
| ဇယား ၁၄ | ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ | ၅၆-၅၇ |
| ဇယား ၁၅ | အဓိကသီးနှံများနှင့်အထွက်နှုန်း | ၅၇-၅၈ |
| ဇယား ၁၆ | ကျေးရွာ၏စိုက်ပျိုးရေးသုံးကရိယာများပိုင်ဆိုင်မှု | ၅၈ |
| ဇယား ၁၇ | သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ | ၅၈-၅၉ |
| ဇယား ၁၈ | သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ | ၆၀-၆၁ |
| ဇယား ၁၉ | မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ | ၆၁-၆၂ |
| ဇယား ၂၀ | မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ | ၆၂-၆၄ |
| ဇယား ၂၁ | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ | ၆၄-၆၅ |
| ဇယား ၂၂ | စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ | ၆၆ |
| ဇယား ၂၃ | စိုက်ပျိုး/မွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်ပြဿနာ နှင့်အခက်အခဲများ | ၆၇-၆၈ |
| ဇယား ၂၄ | ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ | ၆၈ |
| ဇယား ၂၅ | ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း | ၆၉ |
| ဇယား ၂၆ | ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ | ၆၉ |
| ဇယား ၂၇ | ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ | ၇၀ |
| ဇယား ၂၈ | ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း | ၇၁-၇၂ |
| ဇယား ၂၉ | ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ | ၇၃ |
| ဇယား ၃၀ | မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း | ၇၃-၇၄ |

| | | |
|---|---|---|
| ဇယား ၃၁ | ကျောင်းတတ်နှုန်း | ၇၄ |
| ဇယား ၃၂ | စာသင်ကျောင်းအခြေအနေနှင့်ဝန်ဆောင်မှုများ | ၇၅ |
| ဇယား ၃၃ | ပညာရေးအခက်အခဲနှင့်ပြဿနာများ | ၇၅-၇၆ |
| ဇယား ၃၄ | အဖြစ်များသောရောဂါများ | ၇၆-၇၇ |
| ဇယား ၃၅ | လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု | ၇၇ |
| ဇယား ၃၆ | ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ | ၇၇-၇၈ |
| ဇယား ၃၇ | သောက်သုံးရေရရှိမှု | ၇၉-၈၀ |
| ဇယား ၃၈ | အိမ်သာအမျိုးအစား | ၈၀ |
| ဇယား ၃၉ | ကျား/မ ရေးရာ | ၈၀-၈၁ |
| ဇယား ၄၀ | ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ | ၈၂-၈၃ |
| ဇယား ၄၁ | ကျေးရွာ၏တံတားတည်ရှိမှု | ၈၃-၈၄ |
| ဇယား ၄၂ | ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၈၄ |
| ဇယား ၄၃ | သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ | ၈၄-၈၅ |
| ဇယား ၄၄ | လျှပ်စစ်မီးရရှိမှုအခြေအနေများ | ၈၅ |
| ဇယား ၄၅ | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာအခြေအနေ | ၈၆ |
| ဇယား ၄၆ | ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ | ၈၆ |
| ဇယား ၄၇ | ဘေးကင်းလုံခြုံရေးဝန်ဆောင်မှုအထောက်အကူများအား လက်လှမ်းမီမှု | ၈၇ |
| ဇယား ၄၈ | မှုခင်းဖြစ်ပွားမှုအခြေအနေ | ၈၇-၈၈ |
| ကိုးကားစာရင်း | | ၈၉ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်ရေကျော်စုကျေးရွာ၏ ကျေးရွာသူ/ ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိ ပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင် ရာဝန်ထမ်းများကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်း ဆောင်ရွက် နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမကကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ် သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့်အတူတကွ ချိတ်ဆက်လုပ် ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက် တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များ ကို အခြေအနေကာလပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ် နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊

ဟင်္သာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ အကြံပြုချက်များနှင့် ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့ ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့် တို့ကို အဓိကဖော်ပြထားပါသည်။

ဇူလိုင်လ ၂၀၂၃ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရေကျော်စုကျေးရွာ

ဟင်္သာတမြို့နယ်

# ပြာသာကျေးရွာအုပ်စု၊ရေကျော်ကျေးရွာ သယံဇာတပြမြေပုံ






# ရေကျော်စုကျေးရွာ ရာသီခွင်ပြပြက္ခဒိန်မြေပုံ၊ ဟသ်ာတမြို့နယ်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ် တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတုအခြေအနေ |  |  |  |  |  |  |  |  |  |  |  |  |
| ၂ | လယ်/ယာစိုက်ပျိုးရေး | ကိုင်းသိမ်း | သမန်းပြန် | မြေပြင် | ပေါင်းသတ် | ပေါင်းသတ် | ဆေးဖျန်း | မျိုးစေ့ | ပဲမျိုးစုံစိုက် | ဆေးဖျန်း | ဆေးဖျန်း | ကိုင်းသိမ်း | ကိုင်းသိမ်း |
| ၃ | အသုံးစရိတ် | နည်း | သင့် | နည်း | နည်း | နည်း | သင့် | သင့် | သင့် | သင့် | သင့် | နည်း | နည်း |
| ၄ | ချေးငွေလိုအပ်မှု | များ | သင့် | နည်း | များ | များ | များ | များ | များ | များ | များ | များ | များ |
| ၅ | ဝမ်းစာဖူလုံမှု | သင့် | သင့် | နည်း | သင့် | သင့် | နည်း | နည်း | နည်း | နည်း | နည်း | နည်း | နည်း |
| ၆ | သောက်သုံးရေဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၇ | တိရစ္ဆာန်အစာ | နည်း | သင့် | များ | များ | များ | များ | များ | များ | များ | သင့် | သင့် | နည်း |
| ၈ | တိရစ္ဆာန်ရောဂါဖြစ်ပွားမှု | နည်း | သင့် | သင့် | နည်း | နည်း | နည်း | နည်း | နည်း | နည်း | နည်း | သင့် | သင့် |
| ၉ | ပွဲတော် | သင်္ကြန်ပွဲ | ညောင်ရေသွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မီးထွန်းပွဲ | ကထိန်ပွဲ | မရှိ | မရှိ | မရှိ | မရှိ |
| ၁၀ | သဘာဝဘေးအန္တရာယ် | မရှိ | မရှိ | လေပြင်းတိုက် | မြစ်ရေကြီး | မြစ်ရေကြီး | မြစ်ရေကြီး | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |

# ဟသ်ာတမြို့နယ်၊ပြာသာကျေးရွာအုပ်စု၊ ရေကျော်စုကျေးရွာအဖွဲ့အစည်းပြမြေပုံ



## အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

### (၁) နိဒါန်း–ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

#### (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့ အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက် များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာ များစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက် များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်း လင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေး ရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာ မြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များ အနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ နှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံချက်များကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ဟသ်ာတမြို့နယ်သည် မြန်မာနိုင်ငံ၏ အောက်ပိုင်းတွင် တည်ရှိ၍ ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတ ခရိုင်တွင် တည်ရှိပါသည်။ ဟသ်ာတမြို့နယ်သည် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅ မိနစ်နှင့် ၁၇ ဒီဂရီ ၅၀ မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၀မိနစ်နှင့် ၉၅ဒီဂရီ ၃၅မိနစ်ကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ (၃၇၈.၆၅ )စတုရန်းမိုင် ကျယ်ဝန်းပါသည်။

ဟသ်ာတမြို့နယ်သည် အရှေ့ဘက်တွင် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၊ အရှေ့ တောင်ဘက်တွင် ဇလွန်မြို့နယ်၊ တောင်ဘက်တွင် ကျုံပျော်မြို့နှင့် ဓနုဖြူမြို့နယ်၊ အနောက်မြောက် ဘက်တွင် အင်္ဂပူမြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျှက်ရှိပါသည်။

ဟသ်ာတမြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများသောဒေသ ဖြစ်ပါသည်။ ဟသ်ာတမြို့နယ်သည် သမမျှတသောရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန်(၄၂.၈ °C) ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ (၂၇ °C) ဖြစ်ပါသည်။ တစ်နှစ်ပျှမ်းမျှမိုးရွာရက်(၁၀၈)ရက်ရှိပြီး ပျှမ်းမျှမိုးရေချိန် (၉၃.၉၇)လက်မဖြစ်ပါသည်။ မိုးအများဆုံးရွာသွန်းသောလမှာ ဇူလိုင်လနှင့်ဩဂုတ်လများဖြစ်ပါသည်။

ရေကျော်စုကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ ပြာသာကျေးရွာအုပ်စု တွင်ပါဝင်ပါသည်။ ဟသ်ာတမြို့နယ်နှင့်(၃၅)မိုင်ခန့် ကွာဝေးပါသည်။ ပတ်ဝန်းကျင်ကျေးရွာများမှာ တူးမြောင်းကျေးရွာ၊ ကျားကိုက်ကုန်းကျေးရွာ ၊အင်းမကျေးရွာနှင့်ကြီးတောကွက်ကျေးရွာတို့ဖြစ်ပါသည်။ ရေကျော်စုကျေးရွာ သည် ငါးဖမ်းလုပ်ငန်းကို အဓိကထားလုပ်ကိုင်ပါသည်။ အခြားစိုက်ပျိုးရေး၊ အရောင်းအဝယ်လုပ်ငန်းများကို လည်း အသင့်အတင့်လုပ်ကိုင်သော ဒေသတစ်ခုဖြစ်ပါသည်။

### (ခ) သဘာဝအရင်းအမြစ်များ

ရေကျော်စုကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာသဘာဝအရင်းအမြစ်များ ထွက်ရှိမှုမရှိပါ။ ရေကျော်စုကျေးရွာသည် ကိုင်း/ကျွန်းမြေများ အသင့်အတင့်ကောင်းမွန်သော ရွာတစ်ရွာဖြစ်ပါသည်။ရေကျော်ကျေးရွာသည်အခြားတန်ဖိုးရှိအပင်များ မရှိသော်လည်း ဆေးဘက်ဝင်သော ကြောင်မန်းပင်၊ပေါက်ပန်းဖြူပင်၊ပွေးကိုင်းပင်၊ဆင်တုံးမနွယ်ပင် ဆေးလေးပင်တို့ အလွန်ပေါများသော ဒေသဖြစ်ပါသည်။လယ်ယာမြေအသင့်အတင့်သာ ရှိပြီး ငါးဖမ်းလုပ်ငန်းသည်သာ ရေကျော်စုကျေးရွာ၏ အဓိက မလုပ်မဖြစ်သော လုပ်ငန်းတစ်ခုဖြစ်ပါသည်။

## (၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ရေကျော်စုကျေးရွာတွင် အိမ်ထောင်စု(၈၄)စုရှိပြီး လူဦးရေစုစုပေါင်း(၄၀၃)ဦးရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅)ဦး အနည်းဆုံးနေထိုင်ပါသည်။ ရေကျော်စုကျေးရွာ လူဦးရေများပြားပါသည်။ အလုပ်လုပ်နိုင်သု ဦးရေမှာ တစ်ရွာလုံး၏ (၅၀%)သာရှိပြီး အသက်(၁၅)နှစ်အောက် လူဦးရေ များသော ကျေးရွာ တစ်ရွာဖြစ်ပါသည်။ လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများ အဖြစ် ကျေးရွာဖွံ့ဖြိုးတိုး တက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

**(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့်ခွဲခြားမှု နည်း လမ်းအရ ကျေးရွာအိမ်ထောင်စု၏ (၂၉%)မှာ ဆင်းရဲသားအိမ်ထောင်စုများ ဖြစ်ကြပါသည်။ အဆင်ပြေ သော အိမ်ထောင်စုမှာ (၁၅)စုရှိပြီး လယ်(၁၂.၅)ကေအထက်ပိုင်ဆိုင်သူများ ဖြစ်ကြပါသည်။ အိမ်အနေ အထားမှာလည်း တိုက်ခံ၊ သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်းဖြစ်ပြီး လယ်ယာသုံးကိရိယာများနှင့် နွားစသည် တို့ကို ပိုင်ဆိုင်ကြပါသည်။ အလယ်အလတ် အိမ်ထောင်စုများမှာ (၅၉)စုရှိပြီး လယ်(၁၂.၅-၂.၅)ကေ ကြား ပိုင်ဆိုင်ကြကာ ပျဉ်ခင်း၊ ထရံကာ၊သွပ်မိုးသည့် အိမ်အမျိုးအစားများဖြင့် နေထိုင်ကြပါသည်။ လယ်ယာ သုံးကိရိယာများ အနည်းငယ်နှင့် ကြက်၊ ဘဲ၊ ဝက်များကို တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ တစ်နှစ် ဝင်ငွေမှာ မများပြားသော်လည်း အကြွေးတင်ရှိမှုမှာ အနည်းငယ်ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စု (၂၀)စုရှိပြီး လယ်(၂.၅)အောက်ပိုင်ဆိုင်ကြပါသည်။ လယ်ယာသုံးကိရိယာများ ပိုင်ဆိုင်မှုမရှိပါ။ အိမ်အခြေ အနေမှာ ဝါး၊ ထရံကာ၊ သွပ်မိုးအိမ်များဖြင့် နေထိုင်ကြပါသည်။ အလွန်ဆင်းရဲသော အိမ်ထောင်စုများမှာ (၁၀)စုဖြစ်ပြီး မြေယာမပိုင်ဆိုင်သူများ ဖြစ်ကြပါသည်။ ကျေးရွာအိမ်ထောင်စု၏ (၁၀%)ခန့်မှာ ကျပန်း လုပ်ကိုင်ကြသူများ ဖြစ်ကြပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု**

ရေကျော်စုကျေးရွာတွင် ဆင်းရဲနွမ်းပါးသောအိမ်ထောင်စု(၂၇)စုရှိသည့်အနက် (၃၃) ရာခိုင် နှုန်းမှာ (၃)လအောက်ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပြီး၊ (၃၇)ရာခိုင်နှုန်းမှာ(၃-၆)လအထိ ဝမ်းစာဖူလုံမှုရှိ၍ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စား သောက်နိုင်ပါသည်။ ၎င်းတို့သည် လုပ်အားခ ကြိုယူခြင်း၊ ငွေတိုးချေးစားသူများထံမှ ချေးယူခြင်းအပြင် အခြားဒေသသို့ သွားရောက်လုပ်ကိုင်သော မိသားစုဝင်များထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရေး ဖြေရှင်းနေကြရပါသည်။ ငွေကြေးအရင်းအနှီးမဖူလုံ သော ဆင်းရဲသောတောင်သူများအဖို့ ထိခိုက်မှုများ ရှိနိုင်ပါသည်။ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေလာလျှင် ကျေးရွာတွင် နေထိုင်သော အိမ်ထောင်စု (၆၀%)ခန့်မှာ အခက်အခဲကြုံတွေ့ရနိုင်ပါသည်။

**(ဃ)ကျန်းမာရေးနှင့်အာဟာရ**

ကျန်းမာရေးအတွက်တစ်ခုခုဖြစ်ပွားပါက (၁၀)မိုင်ခန့်ကွာဝေးသော ဓမ္မိတိုက်နယ်ဆေးရုံသို့ သွားရောက်ပြသကြရပါသည်။ အရေးပေါ်ကိစ္စရပ်များအတွက် ဟင်္သာတမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံသို့

သွားရောက် ပြသကြပါသည်။ လမ်းပန်းဆက်သွယ်ရေးအလွန်ဆိုးရွားသဖြင့် သွားလာရန် အလွန်ခက်ခဲလှပါသည်။ တစ်ချို့မှာ ယင်လုံအိမ်သာ ဆောက်နိုင်ကြသော်လည်း တစ်ချို့မှာ ယင်လုံအိမ်သာ မဆောက်နိုင်ပါ။ ထို့ကြောင့် ကျန်းမာရေး ထိခိုက်နစ်နာလွယ်ကူမှုအား အနည်းအပါး ရင်ဆိုင်နေရပါသည်။ ပြေလည်သော အိမ်ထောင်စုများသာ အဟာရရှိသော အစားအစာများကို စားနိုင်ပြီး ကျန်အိမ်ထောင်စုများမှာတော တစ်နေ့ ထမင်းတစ်နပ်စား နိုင်အောင် ကြိုးစားနေသူများမှာ အဟာရရှိသော အစားအစား များအား မစားနိုင်ပါ။ ထို့ကြောင့်မပြေလည်သော မိသားစုမှ လူကျေးရွာတွင် အဝီစိတွင်း(စက်တပ်) (၃၇)တွင်း၊ရေတွင်း (၁)တွင်း ကျန်အိမ်ထောင်စုများမှာ မြစ်ချောင်းရေအားရယူသုံးစွဲရပါသည်။ သွေးလွန်တုတ်ကွေးရောဂါမှာ ယခုနှစ် ပိုင်းတွင် ဖြစ်ပွားမှုလျော့နည်းလာပါသည်။

**(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ**

ရေကျော်စုကျေးရွာ ဟသ်ာတမြို့နယ်၊ပြာသာအုပ်စု၊တူးမြောင်း အ.ထ.က အခြေခံပညာအထက်တန်းကျောင်းတွင် ရေကျော်စုကျေးရွာမှ ကျောင်းသား/သူများ သွားရောက်ပညာသင်ကြားကြပါသည်။ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်း သားမိဘများ အားလုံးသည် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာသူ၊ ကျေးရွာသား များတွင် ဘွဲ့ရသူဦးရေ အသင့်အတင့်ရှိပါသည်။

ကျေးရွာရှိ အိမ်ထောင်စု အများစုမှ ငါးဖမ်းလုပ်ငန်းကိုသာ လုပ်ကိုင်ကြပါသည်။ ကိုယ်ပိုင် လယ်ယာမြေမရှိသော အိမ် ထောင်စုများအနေဖြင့် လယ်ယာလုပ်ငန်းတွင် ကောက်ရိတ်ပေး၊ပဲနုတ်ပေး ၊ကြိုတင်ငွေယူ၍ လုပ်ကိုင်စားသောက်သော အိမ်ထောင်စုများဖြစ်ပါသည်။ နွား၊ ဝက်၊ ကြက်၊ ဘဲမွေးမြူခြင်းစသည်တို့ကို တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ရေကျော်စုကျေးရွာ အလုပ်လုပ်နိုင်သော ဦးရေမှာ အမျိုးသမီးနှင့် အမျိုးစားများမှာ တန်းတူရှိသည့် အတွက် အမျိုးသား /အမျိုးသမီး ပူးပေါင်းလုပ်ကိုင်လေ့ရှိကြပါသည်။ စပါးစိုက်ချိန်နှင့် စပါးသိမ်းချိန်တို့တွင် အမျိုးသားတစ်ဦးလျှင် (၅၀၀၀)ကျပ်နှင့် အမျိုးသမီးတစ်ဦးလျှင် (၅၀၀၀)ကျပ်မှ တန်းတူရရှိကြပါသည်။ ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသား/အမျိုးသမီးလူဦးရေမှာ မျှတပြီး အမျိုးသမီးဦးရေမှာ အနည်းငယ်များပြား ပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ကြပါသည်။ သို့သော်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက် ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အနည်းငယ်အားနည်းနေဆဲ ဖြစ် ပါသည်။

## (၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူငယ်အဖွဲ့နှင့် အမျိုးသမီးအဖွဲ့တို့သည် ကျေးရွာ၏ သာရေးနာရေး ကိစ္စရပ်များကို ကိုယ့်ရွာ၏ ဘာသာ၊သာသနာ တိုးတက်ပြန့်ပွားရေးအတွက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ဂေါပကအဖွဲ့၊ပရဟိတအဖွဲ့များ ဖွဲ့စည်းပြီး ကိုယ့်ရွာ ဖွံ့ဖြိုးရေးအတွက် သိရှိနားလည်သူများမှ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့်ပူးပေါင်းကာ ဆောင်ရွက်နေကြပါသည်။ ယခုအခါတွင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### (ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာရှိ လယ်သမားများသည် လယ်၊ယာကိုင်းကျွန်းရှိသော တောင်သူများက မြေပဲ၊ပဲဒီစိမ်း၊မတ်ပဲ၊နတ်တော်ပဲ၊ပဲကြီး၊လွန်းဖြူ၊လွန်းနီ၊ကုလားပဲစသည် တို့ကို ရာသီအလိုက် စိုက်ပျိုးကြပါသည်။ အများစုမှငါးဖမ်းလုပ်ငန်းလုပ်ကိုင်ကြသည့်အတွက် ရေချိုငါးဖမ်းလုပ်ငန်းကိုသာ လုပ်ကိုင်ကြပါသည်။တစ်ချို့မှာလည်း နွား၊ဝက်၊ကြက်၊ဘဲစသည့် အသားစားတိရစ္ဆာန်များကိုလည်း မွေးမြူကြပါသည်။ ဆောင်းသီးနှံတွင်ပြုပြင်ချိန် တိုတောင်းခြင်းနှင့် ရာသီချိန်တိုတောင်းခြင်းကြောင့် လယ်သမားများအားလုံး သည် ကြဲပတ်ခုတ်ဖုံးစနစ်ဖြင့်သာ အစေ့ချစနစ်ကို အသုံးပြုကြပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ရေကျော်စုကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားစီးပွားရေး လုပ်ငန်းများ အဓိက အားဖြင့် ငါးဖမ်းဖြင်း လုပ်ငန်း ဖြစ်ပြီး ရာသီအလိုက် ပဲနှုတ်၊ကောက်ရိတ်၊ကောက်သင်းကောက်ခြင်းစသည့် လုပ်ငန်း များကို လုပ်ကိုင် စားသောက်ကြရပါသည်။ ဈေးဆိုင်အရောင်းအဝယ်လုပ်သားနှင့် ကျပန်းလုပ်သားများအဖြစ် လုပ်ကိုင်သူ များလည်းရှိပါသည်။

### (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင် စိုက်ပျိုးရေး မြေ အနည်းငယ်သာရှိသောကြောင့် ငါးဖမ်းခြင်းကိုသာ အဓိကထားလုပ်ကိုင် စားသောက်ကြရပါသည်။ စိုက်ပျိုးသူတောင်သူများမှာတော့ သဘာဝမိုးလေသည့် ဖောက်ပြန်မှု၊ဖျက်ပိုးများကြောင့် အခက်အခဲအနည်းငယ်တွေ့ရှိရပါသည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှား နှိမ်နင်းရေးစနစ် အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားလာသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့် သည်။

ရေကျော်စုကျေးရွာသည် ရေလုပ်ငန်းလုပ်ကိုင်သူများ အနေဖြင့် ဝါဆိုဝါခေါင်လများတွင် ငါးရစ်၊ငါးသန်၊လိုက်မှုနှင့်အင်းသမားများ၏ ငါးဝင်၊ငါးထွက် လမ်းကြောင်းပိတ်စို့မှုကို မလုပ်ကိုင်ရဆိုသည့် တားမြစ်ချက်ကြောင့်လည်း ငါးဖမ်းလုပ်ကိုင်စားသောက်ရခြင်းအတွက် အလွန်အခက်အခဲတွေ့ရပါသည်။ ရေကျော်စုကျေးရွာတွင် သဘာဝအညစ်အကြေးများကိုလဲ ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် စနစ်တစ်ကျ အတတ်နိုင်ဆုံး စွန့်ပစ်ကြသည်။ သဘာဝဘေးအန္တရာယ်များဖြစ်သော လေတိုက်ခြင်း၊ မိုးရွာသွန်းမှု များခြင်းကြောင့်လည်း အခက်အခဲတွေ့ရသည်။ အဓိကဆိုးရွာမှုများခြင်းကြောင့်လည်း အခက်အခဲ တွေ့ရပါသည်။အဓိကဆိုးရွားမှုမှာ မြစ်ရေ အလွန်ကြီးချိန်တွင် တစ်ရွာလုံးနီးပါးရေမြုပ်သောကြောင့် လွတ်ရာ ဘုန်းတော်ကြီးကျောင်းနှင့်တာပေါ်များသို့ တက်၍ တဲငယ်များ ဆောက်လုပ်၍ နေထိုင်ကြရ ပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ရေကျော်စုကျေးရွာတွင် လယ်ယာကိုင်းကျွန်းပိုင်ဆိုင်သူများမှာသာ မြန်မာ့လယ်ယာစိုက်ပျိုးရေး ဘဏ်မှ ဧကအလိုက် ငွေချေးမှုများရှိကြ ပါသည်။ ငါးဖမ်းလုပ်ငန်းလုပ်ကိုင် သူများ အနေဖြင့် အကြွေးယူခြင်း၊အတိုးယူခြင်း၊လုပ်အား ကြိုယူခြင်း၊ပုဂ္ဂလိက ငွေချေး လုပ်ငန်းများမှ ချေးငွေထုတ်ချေးခြင်း စသည်ဖြင့် အခက်အခဲများကိုငွေချေးရန် အရင်းအမြစ်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဦးစီးဌာနတို့ ဖြစ်ပါသည်။

ဖူလတန် ငွေကြေးဝန်ဆောင်မှုအဖွဲ့အနေဖြင့် ကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မရှိပါ။ စိုက်ပျိုးရေးအတွက် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ချေးငွေရရှိပါသည်။ စိုက်ပျိုးရေး ချေးငွေ ရရှိရန်ပုံစံ(၇) လိုအပ်ပါသည်။သို့ရာတွင် ကျပန်းမိသားစုများအနေဖြင့် ငွေချေးရန်အခက်အခဲ ဖြစ်နေပါ သည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ရေကျော်စုကျေးရွာတွင် ကျောင်းသားကျောင်းသူဦးရေ(၈၀)ကျော် သည် တူးမြောင်းအထက ကျောင်းတွင် သွားရောက် သင်ယူကြရပါသည်။ ရေကျော်စုကျေးရွာသူ/ရွာသားများမှာလယ်း ကျန်းမာရေးကောင်းမွန်ကြပါသည်။ ကျန်းမာရေး မထိခိုက်စေရန် သန့်ရှင်းရေးကိုလဲ အတတ်နိုင်ဆုံး ဆောင်ရွက်ကြပါသည်။ ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက ကျေးရွာနှင့်(၁၀)မိုင်ခန့်ကွာဝေးသော

တိုက်နယ်ဆေးရုံသို့ သွားရောက်ပြသရပါသည်။ မြို့နယ်ဆေးရုံမှာ ကျေးရွာနှင့်(၂၆)မိုင်ခန့် ကွာဝေးပါသည်။ ကျန်းမာရေးအတွက် အရေးပေါ်ကိစ္စ ပေါ်ပေါက် လာပါက တိုက်နယ်ဆေးရုံသို့ သွားရောက်ကုသကြပါသည်။ ကျေးရွာအတွင်း ခြံစည်းရိုးကာရံထားသော သောက်ရေတွင်း မရှိပါ။ ရေသုံးစွဲမှုမှာ အနည်းငယ်ခက်ခဲပါသည်။ နိုင်ငံတော်မှချပေးသော ရေသန့် တွင်း ရှိသော်လည်း ကုန်ဈေးနှုန်းမြင့်တက်မှုကြောင့် ရေစက်ကို နေ့စဉ် မမောင်းနိုင်သည့် အတွက် ရေအခက်အခဲကို အနည်းငယ်ရင်ဆိုင်ကြရပါသည်။ ယင်လုံအိမ်သာသုံးစွဲ နိုင်သော အိမ်ထောင်စုမှာအနည်းငယ်သာရှိပြီး ကျန်အိမ်ထောင်စုများမှာ ယင်လုံအိမ်သာ သုံးစွဲနိုင်မှုမရှိပါ။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

ရေကျော်စုကျေးရွာမှ လူငယ်များသည် ကျေးရွာ၏သာရေး၊ နာရေး၊ ဘာသာရေးစသည့် ပရဟိတလုပ်ငန်းများကို တက်ကြွ စွာ လုပ်ကိုင်ကြပါသည်။ ကျေးရွာမှယဉ်ကျေးမှုအတွက် ဟောပြောပွဲများ စာကြည့်တိုက်သစည့် တို့ လိုအပ်ပါသည်။

**(ဇ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု– လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ရေကျော်စုကျေးရွာမှ အခြေခံအဆောက်အဦအများစုမှာ ခိုင်ခံ့မှုမရှိသဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးလွယ်ကြသည်။ ရေကြီးရေလျှံမှုဖြစ်ပေါ်လျှင် လက်လှမ်းမီသော ဘုန်းကြီးကျောင်းအမြင့် နေရာဖြစ်သော တာပေါ်သို့ တဲထိုး၍ လက်လှမ်းမီမှု ယူကြရပါသည်။ ရွာလမ်းမှာလည်း မိုးရွာသွန်းသည့်အခါ ရွံ့ဘွက်များထ၍ သွားလာရေးခက်ခဲပါသည်။ ရေကျော်ကျေးရွာသည် ရေကာတာသို့ သွားသည့် သစ်သားတံတားတစ်စင်းရှိပါသည်။ ၄င်းတံတားသည်လည်း မြစ်ရေကြီးမှုကြောင့် ဆွေးမြေ့ပျက်စီးလျှက်ရှိပါသည်။ တစ်နှစ်တစ်ခါပြင်၍ သွားလာကြရပါသည်။ ကျောင်းသားကျောင်းသူများနှင့်ရဟန်းသံဃာများ ဆွမ်းခံကြွရာတွင် အင်မတန်ခက်ခဲလှပါသည်။လျှပ်စစ်ပစ္စည်းများလည်း အလွယ်တစ်ကူမရရှိပါသဖြင့် ဖယောင်းတိုင်မီးဖြင့် နေထိုင်ကြရပါသည်။ဆက်သွယ်ရေး ကရိယာဖြစ်သော ဖုန်းများကိုတော ရွာ၏ ၃ပုံ၂ပုံလောက် သုံးစွဲနိုင်ကြပါသည်။ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် လှေ (၃၉)စီး၊စက်ဘီး(၁၀)စီး၊ ဆိုင်ကယ်(၃၁)စီး၊ တို့ကို အသုံးပြု၍ သွားလာကြပါသည်။ ကျေးရွာလမ်းမှာ မြေသားလမ်းဖြစ်ပြီး (၁၅၀၀)ပေခန့် ရှည်လျားပါသည်။ ရွာချင်းဆက်လမ်းများမှာလည်း မြေသားလမ်းဖြစ်ပြီး (၁)မိုင်ခန့် ရှည်လျားပါသည်။

ကျေးရွာတွင် မီးအလင်းရောင်အတွက် ဖယောင်းတိုင်မီး၊ဆိုလာမီးနှင့်ဘက်ထရီမီးတို့ကို အသုံးပြုကြပြီး မဟာဓာတ်အား လိုင်းနှင့် (၅)မိုင်ခန့်သာ ကွာဝေးသောကြောင့် လျှပ်စစ်မီးလင်းရေးဆောင်ရွက်ရန် ကျေးရွာမှ စိတ်အားထက်သန်နေ ကြပါသည်။ ကျေးရွာတွင် Oredoo၊ MPT၊ Telenor ၊ Mytel ဆက်သွယ်ရေးဖုန်းလိုင်းများကို ဆက်သွယ် အသုံးပြု နိုင်ပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာအတွင်း အိမ်ထောင်စုများသည် မိသားစုပမာခင်မင်ရင်းနှီးစွာ နေထိုင်တတ်သော ဓလေ့ရှိကြသဖြင့် ပြဿနာကြီးကြီးမားမားဖြစ်လေ့မရှိပါ။ ဘာသာရေးခေါင်းဆောင်များ၏ ဆုံးမမှု၊ လူကြီးသူမများ၏ ကြီးကြပ်မှုဖြင့် အေးချမ်းသာယာစွာ နေထိုင်ကြပါသည်။ အခြားအမှုအခင်းဖြစ်ပွားခြင်း လုံးဝမရှိပါ။

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ**

**(၁) စိုက်ပျိုးရေး**

ရေကျော်စုကျေးရွာမှ တောင်သူလယ်သမားများ၏စိုက်ပျိုးရေးအတွက် အခြေအနေကောင်းများမှာ သဘာဝ ရေမြေရာသီဥတုအနေအထားနှင့် လယ်ယာမြေများအား အသင့်အတင့် အသုံးချနိုင်ခြင်း၊ သီးနှံ မျိုးစေ့များကို ဝယ်ယူ၍ရနိုင်ခြင်း၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်း အားစုများ အလွယ်တကူဝယ်ယူရရှိနိုင်ခြင်း၊ လုပ်အားအသင့်အတင့်ရရှိနိုင်ခြင်း၊ စိုက်ပျိုးသီးနှံ များအား ရောင်းချရန် ဈေးကွက်ရှိခြင်း၊ စိုက်ပျိုးရေးသုံးကိရိယာများအား အသင့်အတင့်ပိုင်ဆိုင် ခြင်းတို့ဖြစ်ပါသည်။

**(၂) မွေးမြူရေး**

ရေကျော်စုကျေးရွာအနေဖြင့် မွေးမြူရေးမှာ တစ်ရွာလုံး၏ ၃ပုံ၁ပုံ လောက်မှာ နွား၊ဝက်၊ကြက်၊ဘဲ စသည်တို့ကို မိမိ စားဝတ်နေရေးအတွက် မွေးမြူကြပါသည်။

**(၃) ပညာရေး**

ရေကျော်စုကျေးရွာအနေဖြင့် ပညာရေးအတွက်အခြေအနေကောင်းများမှာ ကျေးရွာအနီးရှိရွာတွင် တူးမြောင်းအ.ထ.က ကျောင်း ရှိခြင်း တို့ကြောင့် ပညာရေးအတွက် အားသာချက်တစ်ခုရှိပါသည်။ကျောင်းနှင့်နီးသည့်အတွက် ကျောင်းသား/ကျောင်းသူများ သွားလာရအဆင်ပြေပါသည်။

**(၄) ကျန်းမာရေး**

ရေကျော်စုကျေးရွာ၏ကျန်းမာရေးအခြေအနေများမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ အကယ်၍ ကျန်းမာရေးဖြစ်လာသည့်အခါတွင် ဆေးရုံ၊ဆေးခန်းနှင့်အလှမ်းဝေးသောကြောင့် အခက်အခဲရှိပါသည်။ တိုက်နယ်ဆေးရုံနှင့် (၁၁)မိုင်သာ ကွာဝေးပါခြင်း၊ မြို့နယ် ဆေးရုံနှင့် (၂၆)မိုင်သာ ကွာဝေးခြင်းတို့ဖြစ်ပါသည်။ ကျန်းမာရေးကောင်းမွန်စေရန် ကျွန်တော်တို့ရွာသူရွာသားများအနေဖြင့် အစားအသောက်အနေအထိုင်တို့အား အတတ်နိုင်ဆုံး ဆင်ခြင်၍ နေထိုင်ကြရပါသည်။ကျန်မာရေးအတွက် ယင်လုံအိမ်သာများကိုလဲ စနစ်တစ်ကျ

ဆောက်နိုင်သရွေ့ဆောက်လုပ်နေထိုင်ကြပါသည်။သဘာဝအညစ်အကြေးများဖြစ်သော အမှိုက်သရိုက်များ ကိုလဲစနစ်တကျ စွန့်ပစ်နိုင်သရွေ့စွန့်ပစ်ကြရပါသည်။

ရေကျော်စုကျေးရွာတွင် ကျန်းမာရေးအခြေအနေများမှာ အသင့်အတင့် ကောင်းမွန်ပါသည်။အကယ်၍ ကျန်းမာရေးဖြစ်လာသည့်အခါ ဆေးရုံ၊ဆေးခန်းနှင့် အလွန်ဝေးသောကြောင့် အခက်အခဲ ရှိကြပါသည်။ ထို့ကြောင့် ကျန်းမာရေးမဖြစ်စေရန် ကျွန်တော်တို့ရွာသူ၊ရွာသားများအနေဖြင့် အစားအသောက် အနေအထိုင် ကို အတတ်နိုင်ဆုံးဆင်ခြင်ပြီး နေရပါသည်။ အလုပ်လုပ်နိုင်သောလူဦးရေစုစုပေါင်းမှာ (၂၅၈)ဦးရှိပြီး ကျေးရွာလူဦးရေ၏ (၇၄%) ရှိပါသည်။ ထို့အပြင် တက္ကသိုလ်ဘွဲ့ရဦးရေအသင့်အတင့်ရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ရှိနေပါသည်။ လူကြီး၊လူငယ်လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်းလုပ်ဆောင် ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလအတွက် အားရဖွယ်ရာပင်ဖြစ်သည်။

ရေကျော်စုကျေးရွာတွင် တံငါးများဖြစ်ည့်အတွက် ကျန်းမာရေးအတွက် ငွေကြေးမဖူလုံသဖြင့် အခက်အခဲပေါင်းများစွာ ရှိလှပါသည်။ အကယ်၍ ဖြစ်လာပြီးဆိုပါက ကျန်းမာရေးကောင်းရန်အတွက် ဆေးရုံဆေးခန်းသို့ မဖြစ်မနေ သွားရမည် ဆိုလျှင် ငွေကြေး မဖူလုံ သဖြင့် ခက်ခဲပါသည်။

ရေကျော်စုကျေးရွာတွင် စာသင်ကျောင်းမရှိသော်လည်း တူးမြောင်းကျေးရွာရှိ အထက်တန်းကျောင်း မှာ ကျောင်းသား/သူများအတွက် သင့်တော်လုံလောက်မှုရှိသည့် အပြင် မိဘ/ ဆရာအသင်းသည် စုစည်းတက်ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်နိုင်သောကြောင့် မူလတန်းအဆင့်ပညာရေးအတွက် ကောင်းမွန်သော အလားအလာများဖြစ်ပါသည်။ ၄င်းအပြင်

တိုက်နယ်ဆေးရုံသို့ (၁၁)မိုင်သာ ကွာဝေးပြီး ဟသ်ာတမြို့နယ်ဆေးရုံနှင့် (၂၆)မိုင်ခန့်သာ ကွာဝေးသောကြောင့် ကျန်းမာရေးစောင့်ရှောက်မှုများအား ရယူနိုင်သည့် ကျေးရွာတစ်ရွာ ဖြစ်ပါ သည်။

ကျေးရွာတွင် လူငယ်များအနေဖြင့် သာရေးနာရေး၊ ဘာသာရေးတို့တွင် တက်ကြွစွာ ပါဝင်ကြပြီး ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း တက်ကြွစွာပါဝင်ကြပါသည်။ ဘာသာရေး ခေါင်းဆောင်များနှင့် လူကြီးသူမများ၏ ဆုံးမမှုများကြောင့် မှုခင်းများဖြစ်ပွားမှု မရှိခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။

## (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ရေကျော်စုကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့များရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခုချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် လုပ်ဆောင်ချက်များတွင် အားနည်းမှုများရှိပါသည်။

**(၁) စိုက်ပျိုးရေး**

ရေကျော်စု ကျေးရွာရှိ စိုက်ပျိုးရေး အနေဖြင့် စိုက်ပျိုးနိုင်သူမှာ ရွာ၏ (၁%)နှုန်းသာ ရှိသည့်အတွက် စိုက်ပျိုးရေးမှာလည်း အသင့်အတင့်ဖြစ်ပြီး သဘာဝအဖျက်အစီးများကြောင့် အခက်အခဲရှိပါသည်။ လယ်ယာမြေများတွင် ရေနုတ်မြောင်းများကို စနစ်တကျ တူးဖော် ပေးခြင်းမရှိသဖြင့် မိုးရာသီတွင် မိုးများပါက မြေနိမ့်ပိုင်းရှိ လယ်ယာမြေများ ရေနစ်မြုပ်မှုဒဏ် ခံစားရပါသည်။ ထို့အပြင် ကုန်ထုတ်လမ်းမရှိသဖြင့် ကုန်စည်စီးဆင်းမှုတွင် နှောင့်နှေးပြီး အကျိုးအမြတ် ရသင့်သလောက် မရနိုင်ဘဲ ဖြစ်နေပါသည်။

စပါးအထွက်တိုးနည်းပညာများကို စနစ်တကျသိရှိမှုမရှိခြင်း၊ လိုအပ်သော သွင်းအားစုများကို အချိန်မီထည့်သွင်းနိုင်မှု မရှိနိုင်ခြင်းကြောင့် အကျိုးရလဒ်ကို အထင်အရှားမမြင်ရနိုင်၍ နည်းပညာ ပြန့်ပွား ကျင့်သုံးမှုနှင့် တောင်သူအားလုံးအကျိုးအမြတ် ဖြစ်ထွန်းလာစေရန် များစွာအချိန်ယူရအုံး မည်ဖြစ်ပါသည်။

**(၂) မွေးမြူရေး**

ရေကျော်စုကျေးရွာ သည် တစ်ရွာလုံးနီးပါးငါးဖမ်းစားသောက်သော သူများဖြစ်သော်လည်း တစ်ဖက်တစ်လမ်းမှ ဝမ်းစာအတွက် အထောက်အကူပြုရန် နွား၊ဝက်၊ကြက်၊ဘဲစသော တိရစ္ဆာန်များကို အနည်းငယ်သာ မွေးမြူနိုင်ကြပါသည်။ အနေဖြင့် မွေးမြူရေးလုပ်ငန်းအတွက် အခက်အခဲများမှာ လုံလောက် သော အရင်းအနှီးမရှိခြင်း၊ စားကျက်မြေရှားပါးခြင်း၊ သွင်းအားစုများ ဝယ်ယူရာတွင် ဈေးနှုန်းကြီး မြင့်နေခြင်း၊ ကုန်ထုတ်လမ်းမရှိသဖြင့် အရောင်းအဝယ်ဈေးနှုန်းနိမ့်ကျခြင်းနှင့် မွေးမြူထားသော ထုတ်ကုန်များကို ရောင်းချရာတွင် ဈေးကောင်းမရရှိခြင်းတို့ ဖြစ်ပါသည်။

**(၃) ပညာရေး**

ပညာရေးအတွက် အခက်အခဲမှာ ကျေးရွာတွင် တစ်ရွာလုံးနီးပါး ကျောင်းသား/ကျောင်းသူ အတန်းလိုက် ဦးရေ (၈၀)ကျော်ရှိပါသည်။ ကျောင်းတက်ရန်ကျောင်းမှာလည်း ရွာနှင့် မဝေးသောကြောင့် အလွန်အဆင်ပြေလှပါသည်။ သို့သော် ချို့တဲ့သော ရွာကလေးဖြစ်သည့် အတွက် ကျောင်းစရိတ် မတတ်နိုင်သည့် အတွက်ကတော့ အနည်းငယ်အခက်အခဲများ တွေ့ရှိရပါသည်။

**(၄) ကျန်းမာရေး**

ရေကျော်စုကျေးရွာအနေဖြင့် ကျန်းမာရေးအတွက်အခက်အခဲများမှာ ဆေးရုံသို့ သွားရာ လမ်းမှာ မိုးရာသီလမ်းပန်းဆက်သွယ်ရေးအလွန်ခက်ခဲခြင်းနှင့် ကျန်မာရေးဆိုင်ရာ အထောက်အကူ ပြုဆေးဝါးနှင့်စမ်းသပ်ကိရိယာများ မပြည့်စုံခြင်းတို့ဖြစ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကျောင်းပညာများတတ်မြောက်မှုအားနည်းခြင်း၊ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရန် နည်းပညာများ

မသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန် အကန့်အသတ်များရှိခြင်း စသည်တို့ကလည်း လိုအပ်ချက်များ ရှိနေဆဲဖြစ်ပါသည်။

ရေကျော်စု ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမအသင်းအဖွဲ့များမှ ချေးငွေများ ရရှိသော်လည်း တင်းကြပ်သောချေးငွေစည်းမျဉ်းစည်းကမ်းများနှင့် ချေးငွေကာလတိုတောင်းခြင်းများသည် တောင်သူများအတွက် အကျိုးအမြတ်ဖြစ်ထွန်းရန် အဟန့်အတားများဖြစ်နေဆဲဖြစ်ပါသည်။

ကျေးရွာ၏ဓလေ့မှာ လူကြီးများသာ ခေါင်းဆောင်တင်မြှောက်ရန် စဉ်းစားလေ့ရှိသဖြင့် ခေါင်းဆောင်မှုအပိုင်းတွင် စိတ်ပါဝင်စားမှုရှိသော်လည်း လူငယ်များမှာ နောက်ကျန်နေကြရသည်။ လူငယ်များအနေဖြင့် အင်တာနက်မှတဆင့် သတင်းအချက်အလက်များကို ရယူနိုင်သော်လည်း ကျေးရွာဖွံ့ဖြိုးရေးနှင့် ဆက်စပ်သော မိမိတို့၏ အတွေ့အကြုံများကို ပြန်လည်အသုံးချမှုနှင့် ခေါင်းဆောင်မှုစွမ်းရည်၊ ဖွံ့ဖြိုးရေးသဘောတရားများကို သဘောပေါက်နားလည်မှု အားနည်းကြသည်မှာ အနာဂတ်ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားဖြစ်ပါသည်။

## (၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် မဟာဗျူဟာ

ကျွန်ုပ်တို့ ရေကျော်စုကျေးရွာ၏ ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင်မှာ ကိုယ့်ရွာကိုယ့်ဒေသ အမြဲတမ်းသာယာလှပစေချင်တာ အဓိကပန်းတိုင်ဖြစ်ပါသည်။ ကျွန်တော်တို့ရွာမှာ လူကြီးလူငယ် ကလေးသူငယ်မရွေး ကိုယ့်ရွာ တိုးတက်စေရန် လုပ်ကြမည်ဆိုလျှင် အားလုံးတက်တက်ကြွကြွ လုပ်ကြပါသည်။ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုး တက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့် ပင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သောနည်းလမ်းဖြင့် အဆိုပါရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်မည့် နည်းဗျူဟာ များကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

### (က) ရည်မှန်းချက်ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူကျေးရွာသားများဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးတို့အပြင်ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း (၂၀၂၁ခုနှစ်မှ၂၀၂၅ခုနှစ်)အတွင်း အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အောက်ပါအတိုင်းရိုးရှင်းစွာချမှတ်ထားပါသည်။

(၁) ကိုယ့်ကျေးရွာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီးတစ်ရွာလုံး အလင်းရောင်ကောင်းစွာ ရရှိစေရန် ဆောင်ရွက်ရမည်။

(၂) ရွာသူရွာသားများ တစ်ရွာလုံး ဆင်းရဲခြင်းမှ လွတ်မြောက်အောင် ကောင်းမွန်သော စိတ်ထားမွေးပြီး တိုးတက်သော ရွာအဖြစ်တည်ထောင်နိုင်ရမည်။

(၃) ယခုလာမည့် ခေတ်သစ်လူငယ်များအား အသိပညာတိုးပွားနိုင်အောင်ဆောင်ရွက်ပြီး ကိုယ့်ရွာ ကိုယ့်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးမှာ စိတ်ပါဝင်စားစွာပါဝင်ဆောင်ရွက်ရမည်။

### (ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကျင့်သုံး၍ စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးရည်မှန်းချက်များကို ရောက်ရှိမည်ဟုယုံကြည်ပါသည်။

(၁) ကျွန်တော်တို့ကျေးရွာ၏လမ်းမကြီးများနှင့် ရွာလယ်လမ်းသွယ်ကလေးများ ချောမွေ့ကောင်းမွန်စေရန် သက်ဆိုင်ရာ ဦးစီးဌာနများ၊နိုင်ငံတော်အဖွဲ့အစည်းများ နှင့်ချိတ်ဆက်၍ ထိုအဖွဲ့အစည်းများ၏ လမ်းညွှန်ချက်အတိုင်းကျေးရွာ လူလုအားလုံး စုစုပေါင်း လုပ်ဆောင်ရန်လိုအပ်ပါသည်။

(၂) ကိုယ့်ရွာကိုယ့်ဒေသအမြဲတမ်း အလင်းရောင် ရရှိရေးအတွက် သက်ဆိုင်ရာ မီးလင်းရေး ကော်မတီ အဖွဲ့အစည်းများ၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ထိုအဖွဲ့အစည်းများ၏ လမ်းညွှန်ချက်များကို ရယူပြီး လုပ်ဆောင်သွားရန် လိုအပ်ပါသည်။

(၃) ကျေးရွာရှိ မိရိုးဖလာစိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသောတောင်သူများ၏ ဝင်ငွေတိုးတက်လာစေရန်အတွက်အထွက်နှုန်းနှင့် အရည်အသွေးကောင်းပြီး ဈေးကွက်အတွင်း လူကြိုက်များသော သီးနှံမျိုးများကိုသာ ဦးစားပေးစိုက်ပျိုး ထုတ်လုပ်ရန်နှင့် စိုက်ပျိုးရေး နည်းပညာများ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်း လမ်းများအတွက် လိုအပ်ချက်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ချိတ်ဆက်လုပ်ဆောင်ရန်လိုအပ်ပါသည်။

(၄) ကျေးရွာအတွင်းရှိလူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်အတွက် ဒေသအတွင်း စက်ရုံအလုပ်ရုံများ တိုးတက်များပြားလာစေရန် ဖိတ်ခေါ်ရန်၊ အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများအတွက် ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ ဈေးကွက်ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန်၊ ဒေသထွက်ကုန်များဈေးနှုန်းပိုမိုရရှိရန် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သောနည်းပညာများရရှိရန်နှင့် ချေးငွေလက်လှမ်းမီမှုရရှိရန် လိုအပ်နေပါသည်။

(၅) ကျေးရွာအတွင်းတွင် လယ်သမားများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေအစီအစဉ်ရှိသော်လည်း စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ကျေးရွာတွင်း အသေးစားလုပ်ငန်းများအတွက် လုံလောက်မှုမရှိသောကြောင့် ချေးငွေထုတ်ချေးပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များနှင့် အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေပါမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသောချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြ

ထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ထိုမှတဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့သည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်မှုများကို ပြန်လည်စိစစ်ခြင်းနှင့်ရွေးချယ်ခဲ့သောဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်းစသည်တို့ဆောင်ရွက်နိုင်ရန်အကူအညီများဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

### (ခ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ

ရေကျော်စုကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သောချေးငွေများရရှိမှုကလည်း အဓိကဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ဆောင်းသီးနှံ (ကာလတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံစိုက်ပျိုးသူ တောင်သူများအတွက် လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ ကျေးရွာသူ/သားများ လိုအပ်သော ချေးငွေများထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျှော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

### (ဂ) အသက်မွေးဝမ်းကြောင်းဆိုင်ရာနည်းပညာနှင့်ဈေးကွက်အတွက် အထောက်အပံ့များဖြည့်ဆည်းပေးခြင်း

ရေကျော်စုကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုးထုတ်လုပ်သူများ၏ဈေးကွက်ဆိုင်ရာသဘောသဘာဝသိရှိမှုအားနည်းခြင်းနှင့် အရည်အသွေးကောင်းမွန်သောထုတ်ကုန်များရရှိရေးအတွက် ခေတ်မီသောနည်းပညာများ လိုအပ်ခြင်းပင်ဖြစ်သည်။ သယ်ယူပို့ဆောင်ရေးယာဉ်များရှိခြင်းစသည့်အားသာချက်ကို အမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သော ဈေးနှုန်းဖြင့် ရောင်းချရန် ဈေးကွက်သဘောတရားများကို နားလည်အောင်ရှင်းပြပေးနိုင်မည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာဦးစီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြဖေးမမှုများ ကလည်း အရေးပါလှပါသည်။ ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာနည်းပညာပေးသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက၊ ကျေးရွာများအလိုက် ပြောင်းလဲ

လုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သောကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဈေးငွေအစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာ တိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစားအရည်အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိလူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာအသုံးချနိုင်ရုံ သာမကဒေသတွင်း တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများတိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ဝင်ငွေရရှိမှုမြင့်မားလာခြင်း၊ အခြားဒေသများတွင် ရွှေ့ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ပြန်လာ၍ လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများတိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင်လုပ်ကိုင်နိုင်ခြင်းစသည်ဖြင့် ဒေသအတွင်းစားနပ်ရိက္ခာဖူလုံမှုတိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့နည်းစေရေးကို အထောက်အကူပြုနိုင်ပေမည်။

## (၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ပေါ်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိလုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်း (၅)နှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ်လိုအပ်ပါသည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည် (၅)နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည်။ ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည်မဟုတ်သေးပေ။ သို့ဖြစ်ပါ၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု(၂-၃)နှစ်ကျော်လာချိန်တွင် စီမံကိန်း(၅)နှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ်သက်ရောက်မှုများမရှိခဲ့လျှင် (၅)နှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများပြောင်းလဲမှုရှိမည်မဟုတ်သော်လည်း စီမံကိန်း (၅)နှစ်တာအတွင်း ထပ်တိုးစီမံကိန်းများ ရှိလာနိုင်ပါသည်။

ထိုကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည်နှစ်အလိုက် ဘဏ္ဍာရေးနှစ်ငွေကြေးစီမံမှုဆိုင်ရာရွေးချယ်ခြင်း၊အစီအစဉ်နှင့်စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်းဖြစ်ပေါ်လာသောဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့(၅)နှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက်

အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း**

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့်သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါသည်။ (Economic classification) သည် စီမံချက်များ၏အကျိုးရလဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

**(၁) ကဏ္ဍကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း(Functional classification)**

ဆောင်ရွက်မည့်စီမံချက်ဘတ်ဂျက်သည် (က)မည်သည့်ကဏ္ဍအောက်တွင် (ဥပမာ-စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍစသည်)၊ (ခ)မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည်စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

**(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍အုပ်စုသတ်မှတ်ခြင်း(Economic classification)**

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှုဖြစ်သည်ကို ဖော်ပြခြင်းဖြစ်ပါသည်။

- သာမန်အသုံးစရိတ်(Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခစသည်များ
- ငွေလုံးငွေရင်းအသုံးစရိတ်(Capital Expenditure) ဥပမာ-ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ရသောရင်းနှီးမြှုပ်နှံမှုများ
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်(Capacity Buliding Expenditure) ဥပမာ-ဆွေးနွေးပွဲ၊သင်တန်းစသည့်အသုံးစရိတ်
- လူသားချင်းစာနာမှုအထောက်အပံ့(Humaniltarian support )

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက်တက်ရောက်သူ ကျေးရွာသူ၊ ကျေးရွာသားအုပ်စု(၅)စုထဲမှ (၁၀)ဦးကဦးစားပေးရမည့်စီမံချက်များကို အမှတ်ပေးရပါမည်။ အချို့သောစီမံချက်

များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာအထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးအတွက်သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်များမှာ–

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်းနှင့်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အခြေခံအဆောက်အဦကဏ္ဍ* | | | | | |
| **အခြေခံ အဆောက်အဦ** | ၁။ကျေးရွာတွင်းကွန်ကရစ်ဘောင် ချောင်းကျောက်လမ်း ခင်းခြင်း | ၁၀၀ | ၁ | • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ရန်ပုံငွေရရှိအောင်ဆောင်ရွက်ခြင်း၊<br>• ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ခြင်း ၊<br>• ကျောက်၊သဲ၊ဘိလပ်မြေစသည်တို့ကို ဝယ်ယူရနိုင်ခြင်း ၊<br>• ကျေးရွာစည်းလုံးညီညွတ်ခြင်းနှင့်လုပ်အားပါဝင်ဆောင်ရွက်နိုင်ခြင်း၊ | ကျေးလက်/ သက်ဆိုင်ရာ ဦးစီးဌာန |
| *လျှပ်စစ်ကဏ္ဍ* | | | | | |
| **အခြေခံ အဆောက်အဦ** | ၂။ ချေးငွေအရင်းအနှီး(မြစိမ်းရောင်) စီမံကိန်းရရှိအောင် ဆောင်ရွက်ခြင်း | ၉၀ | ၂ | • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက် ၍ရန်ပုံငွေရရှိအောင်ဆောင်ရွက်ခြင်း၊<br>• စည်းလုံးဆောင်ရွက်မှုရှိခြင်း<br>• နယ်မြေတည်ငြိမ်အေးချမ်းမှုရှိခြင်း၊<br>• ကျေးရွာလူထုမှ စိတ်အားထက်သန်မှုရှိခြင်း၊ | ကျေးလက်/ သက်ဆိုင်ရာ ဦးစီးဌာန |
| *ကျန်းမာရေးကဏ္ဍ* | | | | | |
| **ကျန်းမာရေး** | ၃။ ကျေးရွာအဝင်ကွန်ကရစ်တံတား ဆောက်လုပ်ခြင်း | ၈၀ | ၃ | • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ရန်ပုံငွေရရှိအောင်ဆောင်ရွက်ခြင်း၊<br>• ကျေးရွာစည်းလုံးညီညွတ်ခြင်း | သက်ဆိုင်ရာ ဦးစီးဌာန |
| **ကဏ္ဍ/** | **စီမံချက်** | **ရမှတ်** | **အဆင့်** | **စီမံချက်အခွင့်အလမ်းနှင့်ဖော်ပြချက်** | **မှတ်ချက်** |

| အကြောင်းအရာ | | ပေါင်း | | | |
|---|---|---|---|---|---|
| *အခြေခံအဆောက်အဦကဏ္ဍ* | | | | | |
| **အခြေခံ အဆောက်အဦ** | ၄။ ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း | ၇၀ | ၄ | • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ရန်ပုံငွေရရှိအောင်ဆောင်ရွက်ခြင်း၊ မြေနေရာရှိရေး စည်းလုံးဆွေးနွေး ဆောင်ရွက်နိုင်ခြင်း<br>• ကျေးရွာတွင်းစည်းလုံးညီညွတ်မှုနှင့်လုပ်အားဆောင်ရွက်နိုင်ခြင်း | ကျေးလက်/ သက်ဆိုင်ရာ ဦးစီးဌာန |
| *အခြေခံအဆောက်အဦကဏ္ဍ* | | | | | |
| **အခြေခံ အဆောက်အဦ** | ၅။ ကျေးရွာအတွင်းလမ်းပိုင်းများအား ကွန်ကရစ်လမ်းအဖြစ် မြှင့်တင်ခြင်း | ၆၀ | ၅ | • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ရန်ပုံငွေရရှိအောင်ဆောင်ရွက်ခြင်း၊<br>• လုပ်ငန်းသုံးပစ္စည်းများသယ်ယူရန် အခက်အခဲမရှိခြင်း၊<br>• ကျေးရွာစည်းလုံးညီညွတ်ခြင်းနှင့်လုပ်အားပါဝင်ဆောင်ရွက်နိုင်ခြင်း၊ | ကျေးလက်/ သက်ဆိုင်ရာ ဦးစီးဌာန |

### (ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထု၏ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်း အခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက်(Project) | ဦးစား ပေး အဆင့် | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ |
|---|---|---|---|---|---|---|---|
| ၁။ | ကျေးရွာတွင်းကွန်ကရစ်လမ်း ခင်းခြင်း | ၁ | ✔ | | | | |
| ၂။ | ချေးငွေအရင်းအနှီး(မြစိမ်းရောင်) စီမံကိန်းရရှိအောင် ဆောင်ရွက်ခြင်း | ၂ | | ✔ | | | |
| ၃။ | ကျေးရွာအဝင်ကွန်ကရစ်တံတား ဆောက်လုပ်ခြင်း | ၃ | | | ✔ | | |
| ၄။ | ကျေးလက်ဆေးပေးခန်းဆောက် လုပ်ခြင်း | ၄ | | | | ✔ | |
| ၅။ | ကျေးရွာအတွင်းလမ်းပိုင်းများအား ကွန်ကရစ်လမ်းအဖြစ် မြှင့်တင်ခြင်း | ၅ | | | | | ✔ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် စီမံကိန်းတွင် ပါဝင်သော အကောင်အထည်ဖော်ဆောင် ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်း များနှင့်ဆိုင်သောအကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၄င်းထဲတွင်စီမံချက်၏ရည်ရွယ်ချက်၊အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့် အစီ အစဉ်၊ စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။ စီမံချက် များအကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေးရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ်ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျတ်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်

